**ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှထုတ်ပြန်ကြေငြာချက်**

**မေလ ၁ ရက်နေ့ ၂၀၁၅ ခုနှစ်**

**မိုင်းတုံရေကာတာနှင့်ပတ်သက်ပြီး ကွန်ဟိန်းလူထု ၃၀၀ ဆန္ဒပြမည့်သတင်းကြောင့် ဩစတြေးလျ ကုမဏီမှ အတိုင်ပင်ခံပုဂ္ဂိုလ်များ လူထုနှင့်တွေ့ဆုံပွဲရုပ်သိမ်းလိုက်ရ**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ပြည်သူလူထု (၃၀၀) ကျော်နှင့်အတူကွန်ဟိန်းမြို့ရှမ်းလွှတ်တော်ကိုယ်စားလှယ်မှ သံလွင်မြစ်ပေါ် အကြီးမားဆုံး မိုင်းတုံရေကာတာတည်ဆောက်မည့်လုပ်ငန်းအား ဆန့်ကျင်ဆန္ဒပြ မည်ဟု စီစဉ်ထားမှုကြောင့် ဧပြီလ(၃၀)ရက်နေ့က ပြည်သူလူထုနှင့်တွေ့ဆုံရန် ပြင်ဆင်သည့် ဩစတြေးလျ အတိုင်ပင်ခံပုဂ္ဂိုလ်များက လူထုနှင့် တွေ့ဆုံမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရပါသည်။

ရှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ကာလိ၊ ကွန်ဟိန်း၊ ကျိုင်းလွန်း၊ ကျိုင်းခမ်း၊ နောင်ချို၊ ဝိန်းဖွေး၊ ဟိုပန်၊ ဆိုင်ခေါင်၊ ဝမ်လောင်း၊ ခုံးပေါင်း၊ ဆိုင်ခေါင်ဂျမ်း၊ နားပေါင်း၊ ဝမ်ပတ်၊ နမ့်လမ့်၊ နားလိန်လျန် မှ ပြည်သူလူထု ၃၀၀ ကျော်နှင့် အတူ ကွန်ဟိန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က Australian , Snowy Mountains Engineering Corporation (SMEC) အား နမ့်ပန်ခန်းမတွင်စုဆုံကာ ဧပြီလ ၃၀ ရက်နေ့ မွန်းလွဲ ၁း၀၀ နာရီမှ ၃း၃၀ ထိ ဆန္ဒပြမည်ဟု သတင်းများထွက်ပေါ်ခဲ့ပါသည်။

ပြည်သူလူထုမှ ဆန့်ကျင်ဆန္ဒပြမည့်သတင်းကြောင့် SMEC မှ လူထုနှင့်တွေ့ဆုံရေးအစီအစဉ်ကို ရုတ်တရက် ဖျက်သိမ်းလိုက်ရပါသည်။

ထို့ကြောင့် ဆန္ဒပြ ပြည်သူလူထု နှင့် ရှမ်းပြည်နယ်ကွန်ဟိန်းမြို့နယ် ကျားဖြူပါတီ၏ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် နန်းဝါနတို့သည် ကြေငြာချက်တစောင်ကို ထုတ်ပြန်လိုက်ပါသည်။

မိုင်းတုံ ရေကာတာတည်ဆောက်ပါမှုကြောင့် ကွန်ဟိန်းမြို့နယ်အတွင်းရှိ ပြည်သူလူထုအပါအဝင် သမိုင်းဝင် နေရာများပျက်စီးပျောက်ကွယ်မည်ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ငြိမ်းချမ်းရေးပျက်စီးဆုံးရှုံးစေမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပါရှိပါသည်။

ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဒေသတခုလုံး၊ လူထုမှ ယုံကြည်ကိုးကွယ်သည့် ရှေးဟောင်းဘုရားပုထိုးများ၊ သမိုင်းဝင်နေရာများ၊ ရွာပေါင်း ၁ဂဂ ကျော်၊ နမ့်ပန်မြစ်လက်တက်တစ်လျှောက် ရေအောက်ရောက်ရှိမည်ဖြစ်သည့် အပြင် သျှမ်းပြည်တွင်းအလှဆုံးနေရာဖြစ်သည့် နမ့်ပန်ချောင်းအတွင်းမှ ကျွန်းပေါင်း တထောင် (ကွန်ဟိန်) သည်လည်း လုံးဂ ပျောက်ကွယ်သွားမည်ဖြစ်သည်။

ကွန်ဟိန်းမြို့နယ်အတွင်းမှ ကျိုင်းခမ်းအုပ်စုတွင် လယ်ယာမြေဧကပေါင်း (၁၅ဂဂဂ) ရှိပါသည်။ သို့သော်

လူသားမဆန်သော လက်နက်ကိုင် လိုင်စင်ရသောင်းကျန်းသူများ၏ အတင်းနေရာပြောင်းရွှေ့ခိုင်းမှုကြောင့် ၁၉၉၆ - ၁၉၉၈ ခုနှစ်တွင် ဒေသခံများမှာ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုစဉ်က ကျိုင်းခမ်းဒေသခံများအပါအဂင် သျှမ်းပြည်အလယ်ပိုင်းမှ လူထု သုံးသိန်းကျော် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။

ပြီးခဲ့သည့် ဧပြီလ ၆ ရက်နေ့ကလည်း SMEC သည် မိုင်းတုံမြို့နယ် ပြည်သူလူထုတို့နှင့်တွေ့ဆုံကာ ရေကာတာဆောက်လုပ်ပါက ရရှိမည့်ကောင်းကျိုးဆိုးကျိုးများကိုရှင်းလင်းပြသခဲ့ပါသေးသည်။

မိုင်းတုံပြည်သူလူထုပေါင်း ၁၅ဂ သည် မိုင်းတုံရေကာတာအား အလိုမရှိကြောင်း ဆန္ဒပြသပိတ် မှောက်ခဲ့ကြသည်။

အကယ်၍ မိုင်းတုံရေကာတာ တည်ဆောက်ခဲ့မည်ဆိုပါက အဆိုပါရေကာတာသည် အရှေ့တောင်အာရှတွင် အကြီးမားဆုံးရေကာတာ ဖြစ်လာမည်ဖြစ်သည်။ ရေအားလျှပ်စစ် ၇ဂဂဂ မီဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၉ဂ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ ကိုတင်ပို့ရောင်းချမည်ဖြစ်ပါသည်။

မိုင်းတုံရေကာတာကို China Three Gorges Corporation, China Southern Power Grid, Sinohydro, The Electricity Generating Authority of Thailand, နဲ့ the International Group of Entrepreneurs Co. (Myanmar) တို့ အကျိုးတူပူပေါင်းတည်ဆောက်ကြမည်ဖြစ်ပါသည်။

**သတင်းအချက်အလက်တွေအပြည့်အစုံကိုတော့ www.shanhumanrights.org တွင် ဂင်ရောက်ဖတ်ရှုနိုင်ပါသည်။**


**For further information, please contact:**

| | |
|---|---|
| Nang Hseng Hom (Kunhing) | (+95) 09-250486512 |
| Nang Mya Lay (Hsai Moan) | (+95) 09-32343472 |
| Nang Kham Naung (Wan Lao) | (+95) 09-428367849 |
| Sai His Ha (Karli) | (+95) 09-428367956 |
| Sai Kham Lu (Karli) | (+95) 09-428367625 |
| Sai Lao Mong (ask) Sai Pee (Kunhing) | (+95) 09-250252588 |